စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

# လူ့အခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အနှစ်ချုပ်စာလွှာ

# အလုပ်သမားများ ရွှေ့ပြောင်းဝင်ရောက်လာခြင်း




Institute for Human Rights and Business

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

အနှစ်ချုပ်စာလွှာသည် မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း သုတေသနအဖွဲ့များ အသုံးပြုရန်အတွက် ပြုစုထားခြင်းဖြစ်သည်။ သို့ရာတွင် အထူးသဖြင့် စီးပွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ လူ့အခွင့်အရေးချိုးဖောက်နိုင်မှုများနှင့်ပတ်သက်၍ နားလည်နိုင်စေရေးတွင်လည်း အသုံးပြုနိုင်မည် ဖြစ်ပါသည်။ MCRB ၏ စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာ ဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ MCRB အင်တာနက်စာမျက်နှာ www.mcrb.org.mm တွင် အသေးစိတ် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

## လူ့အခွင့်အရေးနှင့်ဆက်နွယ်သည့် အကြောင်းအရာအကျဉ်းချုပ်

အခြားသောဒေသများမှ အလုပ်သမားများသည် စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် စီမံကိန်းအကြီးစားများ ရှိရာဒေသများသို့ အလုပ်ရှာဖွေရန်၊ ထိုစီးပွားရေးလုပ်ငန်းရှိရာအရပ်သို့ ပြောင်းရွှေ့တတ်ကြသည်။ ထို့ပြင် ထိုလုပ်ငန်းများနှင့် ဆက်စပ်၍ ကုန်ပစ္စည်းများရောင်းချရန်၊ အလုပ်သမားများအား ဝန်ဆောင်မှုပေးရန်၊ ထောက်ပံ့ကြေး၊ သို့မဟုတ် နစ်နာကြေးပေးမှုအစီအစဉ်တို့တွင်ပါဝင်နိုင်ရန် မျှော်လင့်ချက်တို့ဖြင့် နေရာပြောင်း (ရွှေ့ပြောင်းဝင်ရောက်)လာကြသည်။ ထိုဖြစ်စဉ်နှင့် တစ်ဆက်တည်းတွင် လယ်ယာမြေများ သိမ်းဆည်းခံရမှု၊ နေထိုင်စားရိတ် ကြီးမြင့်လာမှုတို့ကြောင့် လူအများသည် ၎င်းတို့၏အိမ်ရာများကို စွန့်ခွာရွှေ့ပြောင်းထွက်ခွာ သွားကြသည်။

ကုမ္ပဏီများနှင့် ဒေသခံအစိုးရသည် စီမံကိန်းတစ်ခုကြောင့် လူအမြောက်အများ ရွှေ့ပြောင်းဝင်ရောက်လာနိုင် သည်ကို ခန့်မှန်းလျက် ကြိုတင်စီစဉ်မှုများ ပြုလုပ်ထားနိုင်သည်။ ထိုမှသာ ဒေသခံရပ်ရွာနေသူများအတွက် ထိခိုက်ပျက်စီးမှုလျော့နည်းပြီး စီးပွားရေးဖွံ့ဖြိုးမှုအကျိုး ခံစားရရှိအောင် စီမံဆောင်ရွက်နိုင်မည်။ စီမံကိန်းမှ လူအမြောက်အများဝင်ရောက်လာနိုင်မှုကြောင့် ဖြစ်လာနိုင်ချေရှိသောကိစ္စတို့ကို ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးရန်လိုသည်။ ထို့ပြင် ဒေသခံအစိုးရနှင့်လည်း တိုင်ပင်ဆွေးနွေး၍ လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ လူသစ်များအတွက် လိုအပ်မည့် ဝန်ဆောင်မှုများ၊ နေရာများ စီစဉ်ရန်လိုအပ်သည်။

ဥပမာ - အိမ်ရာသစ်များဆောက်လုပ်ရန်အတွက် နေရာစဉ်းစားခြင်း၊ ကျောင်းများ လုံလောက်မှု ရှိ၊ မရှိ၊ လုံ လောက်သော သောက်သုံးရေ၊ ဆေးရုံ၊ဆေးခန်းပြည့်စုံမှု စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးရန်ဖြစ်သည်။ ထိုကိစ္စများကို ကောင်းမွန်စွာစီစဉ်ဆောင်ရွက်မှုမရှိလျှင် ဒေသခံနေသူများနှင့် အသစ်ရောက်လာသူများ၏ လူ့အခွင့်အရေးကို ထိခိုက်မည်ဖြစ်သည်။

ကုမ္ပဏီများသည် ၎င်းတို့၏ စီမံကိန်းအဆင့်တစ်ဆင့်တွင် နောက်ထပ်အလုပ်သမားများ လိုအပ်လာနိုင်သည်။ (ဥပမာ- ဆောက်လုပ်ရေးလုပ်ငန်း အများအပြား လုပ်ဆောင်နေသည့်အချိန်မျိုး) ထိုအချိန်အခါများတွင် ဒေသခံနေသူများအပြင် ပြင်ပမှအလုပ်သမားများ လိုအပ်လာနိုင်သည့်အခါတွင် ကုမ္ပဏီနှင့် ဒေသခံအစိုးရသည် ဒေသခံရပ်ရွာနေသူများကို အများဆုံးငှားရမ်းမှုလုပ်နိုင်အောင် ဆောင်ရွက်သင့်သည်။ ဒေသခံစီးပွားရေးလုပ်ငန်းများမှ ကုန်ပစ္စည်းများရောင်းချခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အခွင့်အလမ်း ရှိသင့်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသားများအား အလုပ်ခန့်အပ်မှုဆိုင်ရာ ရာခိုင်နှုန်းသတ်မှတ်ချက် ရှိပါသည်။ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ-အခန်း ၂၄)

ဒေသခံအစိုးရသည် ကုမ္ပဏီများကို အလုပ်အကိုင် ဖွံ့ဖြိုးမှုနည်းပါးသည့် နေရာဒေသသို့ သွားရောက်လုပ်ကိုင်ကြရန် မက်လုံးပေးဆွဲဆောင်မှုမျိုး လုပ်နိုင်ပါသည်။ ထိုအခြေအနေကိုအသုံးချ၍ ကုမ္ပဏီများသည် အစိုးရနှင့် အပေးအယူညှိနှိုင်းပြီး လူ့အခွင့်အရေးနှင့်မကိုက်ညီသည့် အဆင့်နိမ့်အလုပ်စံနှုန်းများကို ကျင့်သုံးလာနိုင်ပါသည်။ (အလုပ်သမားအခွင့်အရေး စာလွှာကိုကြည့်ရန်)

### လူ့အခွင့်အရေးအပေါ်သက်ရောက်မှုများ -

- **နေစရာနှင့်စားစရာ ရရှိနိုင်မှု၊ ဈေးနှုန်းအပေါ်သက်ရောက်မှု** - ဒေသတစ်ခုအတွင်းသို့ လူအမြောက်အမြားပြောင်းရွှေ့နေထိုင်မှုကြောင့် နေစရာနှင့်စားစရာရရှိရန် ပြိုင်ဆိုင်မှုပြင်းထန်လာသည်။ ထိုအခါ အိမ်နှင့်အစာရေစာ မလုံလောက်မှုကြောင့် ကုန်ဈေးနှုန်းများ အလွန်မြင့်တက်လာကာ ဒေသနေပြည်သူများ တတ်နိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် ပြင်ပမှအလုပ်သမားများ ရွှေ့ပြောင်းဝင်ရောက်လာကြခြင်းသည် ဒေသနေပြည်သူများ၏ နေထိုင်မှုဘဝအရည်အသွေးကို ပိုမိုကျဆင်းသွားစေနိုင်သည်။ ကုမ္ပဏီများသည် ထိုအခြေအနေများကို ကြိုတင်တွက်ဆလျက် အလုပ်သမားများအတွက် အိမ်ရာသစ်များတည်ထောင်

ခြင်း၊ ဒေသခံတို့မှ လိုအပ်သောအစာရေစာတို့ မဖြည့်ဆည်းပေးနိုင်ခင်အချိန်အထိ မိမိတို့စားသုံးရန် အစာရေစာများ ယူဆောင်လာခြင်း (အနည်းဆုံး ယာယီဖြစ်ဖြစ်)တို့ လုပ်ရန်လိုသည်။ ကုမ္ပဏီများနှင့် ရပ်ရွာခေါင်းဆောင်များသည် ဈေးကွက်ပြောင်းလဲမှုကြောင့် ဆက်လက်၍ အိမ်ငှားခမတတ်နိုင်တော့သူများ၊ အစာဝယ်ရန် မတတ်နိုင်တော့သည့် သက်ရောက်မှုအများဆုံး ခံစားရသူများကို အာရုံစိုက်ကူညီရန် လိုသည်။

- **ပြည်သူ့ဝန်ဆောင်မှုများပေါ်သက်ရောက်မှုများ** - အစိုးရမှ သေချာစွာစီမံလုပ်ဆောင်မှု မရှိပါက ဒေသတွင်း လူထုဝန်ဆောင်မှုလုပ်ငန်းများ မနိုင်မနင်း ဖြစ်လာနိုင်သည်။ ကလေးများအတွက် ကျောင်းများ လုံလောက်မှုမရှိခြင်းသည် ပညာသင်ကြားပိုင်ခွင့်ကို ထိခိုက်စေသည်။ ဆေးခန်းများ လုံလောက်မှု မရှိခြင်းသည် ဆေးကုသစရိတ်များကို မြင့်တက်သွားစေနိုင်သည်။ လူဦးရေများပြားလာမှုကြောင့် လုံလောက်သည့် ကာကွယ်မှုမျိုးကို ရဲတပ်ဖွဲ့ဝင်များမှ မပေးနိုင်တော့ပေ။ ထိုသို့ ပြည်သူ့ဝန်ဆောင်မှုများ ပျက်ယွင်းနိုင်မှုများကို ကြိုတင်တွက်ဆပြီး ဖြေရှင်းရန်အစီအစဉ်များကို ကုမ္ပဏီများနှင့် အစိုးရတို့အကြား ကောင်းမွန်သည့် ညှိနှိုင်းလုပ်ဆောင်မှုမျိုး ရှိရန်လိုသည်။
- **လုံခြုံရေးပိုင်းဆိုင်ရာ စိုးရိမ်စရာကိစ္စရပ်များ** - အထူးသဖြင့် အမျိုးသားလုပ်သား အများအပြား ဒေသတစ်ခုအတွင်းသို့ ပြောင်းရွှေ့လာသောအခါ လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ တိုးပွားလာတတ်ပါသည်။ အထူးသဖြင့် ငယ်ရွယ်သူအမျိုးသမီးများနှင့် အခြားထိခိုက်လွယ်သူတို့သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှု၊ သို့မဟုတ် အမြတ်ထုတ်ခံရမှုများ ပိုမိုကြုံတွေ့လာနိုင်သည်။ မူးယစ်ဆေးသုံးစွဲမှု၊ အရက်သေစာနှင့် လောင်းကစားများ တိုးပွားလာမှုကြောင့် ရာဇဝတ်မှုများလည်း မြင့်တက်လာနိုင်သည်။ ထိုသို့ ဖြစ်နိုင်ချေများကို ကုမ္ပဏီများနှင့်အစိုးရမှ ကြိုတင်တွက်ဆလျှက် ထိုသို့မဖြစ်လာစေရန် ထိန်းချုပ်သည့်လုပ်ငန်းများဖြစ်သည့် အပန်းဖြေရေး(ဥပမာ အားကစားရုံ)များ ပံ့ပိုးခြင်း၊ ရဲတပ်ဖွဲ့ အင်အားတိုးမြှင့်ခြင်း၊ ပညာပေးမှုများလုပ်ဆောင်ပေးခြင်းတို့ ပြုလုပ်ရန်လိုအပ်သည်။ ဒေသခံလူမျိုးများနှင့်မတူသော တခြားတိုင်းရင်းသားမျိုးနွယ်များ၊ သို့မဟုတ် ဘာသာခြားများ ရွှေ့ပြောင်းဝင်ရောက်လာခြင်းသည် လူမှုရေးတင်းမာမှုများကို ဖြစ်စေပြီး အကြမ်းဖက်မှုများဆီသို့ ဦးတည်သွားနိုင်ပါသည်။
- **ကျန်းမာစွာနေထိုင်ခွင့်** - စီမံကိန်းများသည် အလုပ်သမားသစ်များ ခေါ်ဆောင်လာလျှင် ထိုသူများမှ သယ် လာသောရောဂါများ ပျံ့နှံ့ခြင်း၊ သို့မဟုတ် ပိုမိုဆိုးရွားခြင်းများ ဖြစ်စေနိုင်ပါသည်။
- ထောက်ပံ့ကြေးခွဲဝေမှု၊ နစ်နာကြေးတောင်းဆိုမှုတို့တွင် ပြိုင်ဆိုင်မှုပြင်းထန်လာခြင်း - စီမံကိန်းမှသက်ရောက်မှုခံရသည့် ဒေသခံများအား နစ်နာကြေးငွေထောက်ပံ့ပေးခြင်းသည် ယေဘုယျအားဖြင့် ကောင်းပါသည်။ သို့ရာတွင် ၎င်းသည် ရပ်ရွာလူထုအတွင်းရှိ အုပ်စုများအကြား ပြိုင်ဆိုင်မှုကိုဖြစ်စေခြင်းကြောင့် ရပ်ရွာညီညွတ်မှု ပြိုကွဲခြင်း၊ ထိခိုက်လွယ်သူများကို ချန်ထားခြင်းနှင့် ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများ လုပ်ဆောင်ခြင်းကို ဦးတည်သွားနိုင်သည်။
- **ကလေးအလုပ်သမား၊ မတရားအမြတ်ထုတ်မှု တိုးလာခြင်း** - မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများ (အသက်မပြည့်ဘဲ အလုပ်လုပ်နေသူများ) ပျံ့နှံ့နေပါသည်။ ကလေးများသည် စီမံကိန်းတွင်အလုပ်ရရန် ကိုယ်တိုင်ကြိုးစားနိုင်ပါသည်။ သို့သော် ၎င်းတို့သည် ဥပဒေမှ သတ်မှတ်ထားသည့် အသက်မပြည့်သေးလျှင် အလုပ်မခန့်အပ်သင့်ပါ။ ထိုသူတို့သည် စီမံကိန်းသို့ပစ္စည်းရောင်းချနေသော သို့မဟုတ် ဝန်ဆောင်မှုပေးနေသော ဒေသခံလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်။ တာဝန်သိမှုရှိသော စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့နှင့် ဆက်စပ်လုပ်ကိုင်နေသော လုပ်ငန်းများတွင်လည်း ကလေးအလုပ်သမားများ ခန့်ထားမှုမရှိအောင် သတိထားရန်လိုသည်။ ကလေးအလုပ်သမားခန့်အပ်မှုကြောင့် ကလေးများ၏

ပညာရေး ဆုံးရှုံးသည့်အပြင် ကလေးများသည် မတရားအမြတ်ထုတ်ခံရခြင်းနှင့် နှိပ်စက်ခံရမှုများ ဖြစ်နိုင်သည်။

- **ယဉ်ကျေးမှုအပေါ် သက်ရောက်မှုများ** - စီမံကိန်းတစ်ခုကြောင့် ဒေသခံများနှင့် ဘာသာစကားမတူသော၊ သို့မဟုတ် ဒေသခံများနှင့် ကွဲပြားသော ယဉ်ကျေးမှုရှိသော အလုပ်သမားများ ဝင်ရောက်လာခြင်းသည် ဒေသတွင်း ဘာသာစကားသုံးစွဲမှု၊ ဓလေ့ရိုးရာ ယဉ်ကျေးမှုတို့အပေါ် သက်ရောက်မှုများ ရှိနိုင်သည်။
- **အမျိုးသမီးများ၏ အခွင့်အရေးများ** - ရပ်ရွာအတွင်း အမျိုးသားအလုပ်သမားများ ဝင်ရောက်လာခြင်းသည် အမျိုးသမီးများ၏ လုံခြုံမှုအတွက် ပိုမိုစိုးရိမ်ဖွယ်ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှု၊ အမြတ်ထုတ်ခံရမှုနှင့် ပြည့်တန်ဆာလုပ်ငန်းများ ဖြစ်ပွားနိုင်ဖွယ်ရှိသည်။

*ယခုဖော်ပြပါအချက်များသည် ပြည်တွင်း၊ ပြည်ပ စီပွားရေးလုပ်ငန်းများနှင့် အဘယ့်ကြောင့် သက်ဆိုင်ပါသနည်း။*

ရွှေ့ပြောင်းဝင်ရောက်ခြင်းနှင့် ဆက်စပ်သည့်ကိစ္စများအတွက် မေးခွန်းထုတ်ရန်ဖြစ်သည်။

- **ကုမ္ပဏီများသည် ရွှေ့ပြောင်းဝင်ရောက်မှုကြောင့်ဖြစ်သော သက်ရောက်မှုများကို ရပ်ရွာလူထုနှင့်အတူ ဖြေရှင်းဆောင်ရွက်မှုရှိသလား-**

  ဤအချက်သည် ကုမ္ပဏီများ၊ ရပ်ရွာလူထုနှင့် အစိုးရအတွင်း ပြောင်းလဲရမည့် လုပ်ထုံးလုပ်နည်းများနှင့် ပညာပေးရန် လိုအပ်သည့်အတိုင်းအတာများကို အလျှင်အမြန်လုပ်ဆောင်ရန် ညွှန်ပြနေသည်။
- **ကုမ္ပဏီများသည် ရွှေ့ပြောင်းဝင်ရောက်မှုကြောင့်ဖြစ်သော သက်ရောက်မှုများကို ဒေသခံအစိုးရနှင့်အတူ ဖြေရှင်းဆောင်ရွက်မှုရှိသလား-**

  ရွှေ့ပြောင်းဝင်ရောက်မှုအရေးသည် ကုမ္ပဏီများနှင့် ဒေသခံအစိုးရတို့ အတူတကွဖြေရှင်းရမည့် ကိစ္စဖြစ်သည်။ ဒေသခံအစိုးရနှင့်အတူ ကြိုတင်ပြီး ပြဿနာများကို ဆွေးနွေးခြင်းသည် စိန်ခေါ်မှုများကို အတူတကွဖြေရှင်းရန် ပထမဆုံးခြေလှမ်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ခြင်းကြောင့် ထိုပြဿနာများကို အချိန်လွန်သည်အထိ ဖြေရှင်းနိုင်မှု မရှိတော့ပေ။
- **အကယ်၍ ကုမ္ပဏီများမှ တာဝန်ယူမှုမရှိလျှင် ရပ်ရွာလူထုမှ အဆိုပါသက်ရောက်မှုများကို ဖြေရှင်းရန် တခြားရွေးစရာနည်းများ ရှိသလား-**

  **ဤနေရာတွင်နားလည်ရန် အရေးကြီးသည်မှာ** - ရပ်ရွာလူထုခံစားရသော ဒုက္ခများအတွက် မည်သည့် ဖြေရှင်းမှုမျိုးမှ မရှိဘူးလား၊ ဒါမှမဟုတ် ရပ်ရွာလူထုက ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ဒေသခံအစိုးရနှင့် အတူတွဲ၍ နစ်နာကြေးရရှိရန်နှင့် အသက်မွေးဝမ်းကျောင်းများ ပြန်လည်တည်ထောင်နိုင်ဖို့ ရွေးချယ်နေခြင်းလား သိရန်ဖြစ်သည်။
- **ဒေသခံအစိုးရသည် ရွှေ့ပြောင်းဝင်ရောက်မှုကြောင့်ဖြစ်သော လူတို့၏စားဝတ်နေရေးအပေါ် သက်ရောက်မှုများကို နားလည်ပြီး ဖြေရှင်းပေးသလား** - ဒေသခံအစိုးရ၊ သို့မဟုတ် ဗဟိုအစိုးရပင်လျှင် ကြီးမားသော စီမံကိန်းများ၏ သက်ရောက်မှုအပြည့်အစုံကို စဉ်းစားပြီး အပြည့်အဝ ပြင်ဆင်မှုလုပ်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် နောက်ထပ် သတင်းအချက်အလက်များနှင့် လိုအပ်သည့်သင်တန်းများ ရရှိထားရန်လိုသည်။ ထိုမှသာ မည်သို့ သက်ရောက်မှုများ ဖြစ်နိုင်သည်၊ မည်သို့ အစီအစဉ်ချရမည်၊ ကုမ္ပဏီများမှ မည်သို့ လုပ်ဆောင်ရမည်၊ ရွှေ့ပြောင်းဝင်ရောက်မှု ပြဿနာများကို မည်သို့ကိုင်တွယ်ဖြေရှင်းမည် (ဥပမာ- ရွှေ့ပြောင်း ဝင်ရောက်မှုကြောင့် ထိုဒေသအတွင်း ငွေကြေးဖောင်းပွမှုသည် ပျမ်းမျှနိုင်ငံတော် ငွေကြေးဖောင်းပွမှုထက်မြင့်နေခြင်း။ ထို့ကြောင့် အစိုးရများ၊ ကုမ္ပဏီများသည် နိုင်ငံတော်ပျမ်းမျှ

ကိန်းဂဏန်းများကိုမကြည့်ဘဲ ထိုဒေသရှိ ကုန်ဈေးနှုန်းအညွှန်းကိန်း အချက်အလက် ကောက်ယူရရှိမှု များပေါ်မူတည်ကာ အနိမ့်ဆုံး လစာအဆင့်ကို သတ်မှတ်ရန်လိုသည်။)

- **နေရာတူနှင့် လုပ်ငန်းကဏ္ဍတူညီစွာ လုပ်ဆောင်နေသော ကုမ္ပဏီများစွာရှိပါသလား** - SWIA လုပ်ဆောင်ရာတွင် စုပေါင်းသက်ရောက်မှုများကို ဖြေရှင်းခြင်းသည် တစ်ခုအပါအဝင် ဖြစ်သည်။ တူညီသော ကုမ္ပဏီလုပ်ငန်းများသည် ရပ်ရွာလူ့အဖွဲ့အစည်းအပေါ် စုပေါင်းသက်ရောက်မှုများ ရှိခြင်းကြောင့် ကုမ္ပဏီအချင်းချင်းနှင့် ဒေသခံအစိုးရအကြား ပူးပေါင်းဆောင်ရွက်၍ ပြဿနာများဖြေရှင်းရန် လိုသည်။ ရွှေ့ပြောင်းဝင်ရောက်မှုအရေးသည် ဖြစ်လေ့ဖြစ်ထရှိသော ပြဿနာဖြစ်၍ ၎င်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိရန် အရေးကြီးပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကိုးကားချက်များ

- ရေနှင့် အစာရရှိမှု၊ လုံခြုံမှု၊ ကလေးကာကွယ်ခြင်းဆိုင်ရာ လူ့အခွင့်အရေးများ။ (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် အပိုဒ် -၁၁)
- လွတ်လပ်ပိုင်ခွင့်နှင့် လုံခြုံမှုကိုခံစားပိုင်ခွင့် (မြို့ပြနှင့် နိုင်ငံရေးအခွင့်အလမ်းများဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် အပိုဒ် - ၉)
- ယဉ်ကျေးမှုဓလေ့ဘဝတွင်ပါဝင်နိုင်သည့် အခွင့်အရေး။ (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်စာချုပ် အပိုဒ် -၁၅)
- လူတိုင်း သင့်တင့်သောလစာဖြင့် အလုပ်လုပ်ခွင့်။ (စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အလမ်းဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်စာချုပ် အပိုဒ်-၆)
- ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးများနှင့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာစာချုပ်။
- အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ်။

## အခြားကိုးကားချက်များ

- အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) စီမံကိန်းနှင့် လုသားများ၊ စီမံကိန်းကြောင့် ဖြစ်သော ရွှေ့ပြောင်းဝင်ရောက်မှုအား စီမံခန့်ခွဲခြင်းဆိုင်ရာ လက်စွဲစာအုပ်။

This factsheet on In-migration has been produced by MCRB. An English version is available from www.mcrb.org.mm.